ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

# ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

# တနင်္သာရီတိုင်းဒေသကြီး၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၂၀ ပြည့်နှစ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ်    ၅၄ ။ )

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော်       ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ      ရက် )

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား(၁)၊ ဇယား(၂) နှင့် ဇယား(၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(မြင့်မောင်)

ဝန်ကြီးချုပ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တနင်္သာရီ တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၅.၀၀၀ | | | ၁၃၃၃.၃၂၀ | | | | | ၁၃၅၈.၃၂၀ |
| ၂ | ၂ | | လွှတ်တော်ရုံး | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၂.၁၀၇ | | | ၁၂.၈၀၀ | | | | | ၃၄.၉၀၇ |
| ၃ | ၅ | | စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၀.၇၃၀ | | | | | | | | ၂၀.၇၃၀ |
| | | | ပေါင်း | | ၆၇.၈၃၇ | | | ၁၃၄၆.၁၂၀ | | | | | ၁၄၁၃.၉၅၇ |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီ တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၁၁၀.၀၀၀ | | | | | ၁၁၀.၀၀၀ |
| | | ၂ | မီးသတ်ဦးစီးဌာန | | | | | ၁၁၀.၀၀၀ | | | | | ၁၁၀.၀၀၀ |
| ၂ | ၂ | | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၄င်း | | | | ၄.၆၉၀ | | | | | ၄.၆၉၀ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၄.၆၉၀ | | | | | ၄.၆၉၀ |
| ၃ | ၃ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၄င်း | ၃၁.၆၆၀ | | | ၈.၄၀၀ | | | | | ၄၀.၀၆၀ |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၁.၆၆၀ | | | | | | | | ၃၁.၆၆၀ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | | ၈.၄၀၀ | | | | | ၈.၄၀၀ |
| ၄ | ၆ | | ကျန်းမာရေးနှင့်အားကစား | ၄င်း | ၄.၅၃၁ | | | ၂၇.၇၃၂ | | | | | ၃၂.၂၆၃ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၄.၅၃၁ | | | ၂၇.၇၃၂ | | | | | ၃၂.၂၆၃ |
| ၅ | ၈ | | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၄င်း | ၁.၆၀၈ | | | | | | | | ၁.၆၀၈ |
| | | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၁.၆၀၈ | | | | | | | | ၁.၆၀၈ |
| ၆ | ၉ | | ဆောက်လုပ်ရေး | ၄င်း | | | | ၄၉၂၀.၂၂၃ | | | | | ၄၉၂၀.၂၂၃ |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၁၀၇.၈၂၀ | | | | | ၁၀၇.၈၂၀ |
| | | ၂ | လမ်းဦးစီးဌာန | | | | | ၂၄၆၉.၁၂၀ | | | | | ၂၄၆၉.၁၂၀ |
| | | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၂၃၄၃.၂၈၃ | | | | | ၂၃၄၃.၂၈၃ |
| ၇ | ၁၀ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၁၅.၇၉၉ | | | ၇၀.၀၃၆ | | | | | ၈၅.၈၃၅ |
| | | | ပေါင်း | | ၅၃.၅၉၈ | | | ၅၁၄၁.၀၈၁ | | | | | ၅၁၉၄.၆၇၉ |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ် တနင်္သာရီ တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | လျှပ်စစ်နှင့်စွမ်းအင် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၃၀၀. ၀၀၀ | | | | | ၃၀၀. ၀၀၀ |
| | | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၃၀၀. ၀၀၀ | | | | | ၃၀၀. ၀၀၀ |
| | | | ပေါင်း | | | | | ၃၀၀. ၀၀၀ | | | | | ၃၀၀. ၀၀၀ |